# ခရစ်တော်အားဖြင့် ကယ်တင်ခြင်း

ကယ်တင်ခြင်းရဖို့ ကောင်းသောအကျင့် လိုတယ်၊ ဗတ္တိဇံမခံရင် ကယ်တင်ခြင်းမရဘူး၊ သန့်ရှင်းခြင်းအသက်တာမှာ အသက်မရှိရင် ချီဆောင်ခြင်းမှာ ကျန်ခဲ့မယ်၊ အပြစ်ကိုဝန်ခံနေသေးရင် ကယ်တင်ခြင်းမရနိုင်ဘူး၊ ကယ်တင်ခြင်းရပြီးရင် အပြစ်ဝန်ချတောင်းပန်စရာ မလိုတော့ဘူး၊ ကယ်တင်ခြင်းရပြီ လို့ပြောသော်လည်း ကောင်းသောအကျင့် မပြနိုင်ရင် ခရစ်ယာန်အတုဖြစ်တယ်။

သည်အရာတွေက ကယ်တင်ခြင်းနှင့် ပတ်သက်ပြီး ပြောဆိုငြင်းခုံနေကြသည့်စကား ဖြစ်ပါသည်။ တစ်ခါတစ်ရံ တစ်ယောက်နှင့်တစ်ယောက် ပြောဆိုရင်းနှင့် ရှုပ်ထွေးမှုများဖြစ်လာရုံမက ငြင်းခုန်လာကြပြီး ရန်စောင်လာကြပါတော့သည်။ သမ္မာကျမ်းစာမှ နှုတ်ကပါတ်တော် သမ္မာတရားများသည် သန့်ရှင်းသောဝိညာဉ်တော်၏ ဖွင့်ပြမှုနှင့်ဖတ်ရှုပါက မရှုပ်ထွေးပါ။ သမ္မာတရားသည် ကျွန်တော်တို့၏ အသက်တာကို ရှင်းလင်းစေပါသည် (ယော ၁၅း၃)။ ရှုပ်ထွေးမှုသည် စာတန်မာရ်နတ်ဆီကလာပါသည်။ ယနေ့ ကျွန်တော်တို့ အသက်ရှင်နေသည့် အချိန်ကာလသည် နောက်ဆုံးသော အချိန်ကာလတစ်ခုထဲသို့ ရောက်ရှိနေပြီဖြစ်ကြောင်း အခြေအနေ အဖြစ်အပျက်တွေကိုကြည့်လျှင် မြင်တွေ့နိုင်ပါသည်။ တနည်းအားဖြင့်ဆိုသော် ခရစ်တော်ဒုတိယအကြိမ်ပြန် ကြွလာမည့်အချိန် ရောက်လုနီးနေပါပြီ။ ခရစ်တော်၏ ဒုတိယအကြိမ်ပြန်ကြွလာမည့် အကြောင်းနှင့် အခြေအနေတို့ကို ခရစ်တော်သက်တော်ထင်ရှားရှိစဉ်ကပင် တပည့်တော်တို့ ကိုယ်တိုင်စိတ်ဝင်စားခဲ့ကြောင်း တွေ့မြင်ရသည်။ ထို့နောက် သံလွင်တောင်ပေါ်မှာ ထိုင်တော်မူစဉ် တပည့်တော်တို့သည် အခြား သောသူမပါဘဲ ချဉ်းကပ်၍ ထိုအမှုအရာတို့သည် အဘယ်ကာလမှ ဖြစ်မည်ကိုလည်းကောင်း၊ ကိုယ်တော်ကြွလာ၍ ကပ်ကမ္ဘာကုန်သော ပုပ္ပနိမိတ်သည် အဘယ်နိမိတ်ဖြစ်မည်ကိုလည်းကောင်း အမိန့်တော်ရှိပါဟု လျှောက်ကြ၏ (မဿဲ ၂၄း၃)။ ထိုတပည့်တော်များ၏ မေးခွန်းကို သခင်ယေရှုက ရိုးရိုးရှင်းရှင်းနှင့် ဤကဲ့သို့ ဖြေလိုက်ပါတော့သည်။ သင်တို့ကို အဘယ်သူမျှ မလှည့်ဖြားစေခြင်းငှာ သတိပြုကြလော့ (မဿဲ ၂၄း၄)။

စာတန်မာရ်နတ်သည် မျက်လုံးပြူး အစွယ်တကားကားနှင့် ဂျိုထောင်ကာ ထင်ထင်ရှားရှား လာမည်မဟုတ်။ လူတွေ မထင်မှတ်သည့်အချိန်မှာ လိမ္မာပါးနပ်စွာဖြင့် မသိမသာ လှည့်စားမည်ဖြစ်ပါသည်။ မည်ကဲ့သို့ လှည့်စားမည်နည်း သမ္မာတရားကို ရှုပ်ထွေးစေပြီး နားလည်မှုလွဲအောင် လှည့်ဖြားမည် ဖြစ်ပါသည်။ ယနေ့ကမ္ဘာပေါ်တွင် ကယ်တင်ခြင်းနှင့်ဆိုင်သော ဩဝါဒတရား ခံယူချက် ထောင်နှင့်ချီ၍ ရှိနေပါသည်။ သို့သော် ကယ်တင်ရှင် ယေရှုခရစ်တော်မှာ တစ်ဦးတည်းသာ ဖြစ်ပါသည်။ ထို့ကြောင့် သင်သည် ကယ်တင်ခြင်းတရားကို လက်ခံမည်ဆိုပါက ထောင်နှင့်ချီသော ဩဝါဒအမျိုးမျိုးကို လက်ခံရပါမည်။ ထိုသို့ဆိုလျှင် သင်၏ ဝိညာဉ်ရေးရာအသက်တာ၌ ရှုပ်ထွေးသွားပါလိမ့်မည်။ ထို့ကြောင့် အလေးအနက် သတိပေး ပြောကြားလိုသော စကားမှာ ကယ်တင်ခြင်းတရားထက် ကယ်တင်ရှင် ယေရှုခရစ်တော်ကို လက်ခံဖို့အရေးကြီးပါသည်။

## ဘယ်သူ့ကိုလက်ခံရမည်နည်း (Whom shall we accept?)

ပုဂ္ဂိုလ်တော်မြတ်နှင့် တရားများစွာ ကွာခြားပါသည်။ တနေ့ မိတ်ဆွေယုံကြည်သူတစ်ယောက်နှင့် လမ်းမှာတွေ့သောအခါ သူ၏မိတ်ဆွေနှင့် ကျွန်တော့် ကို မိတ်ဆက်ပေးပါသည်။ ထိုသူက ကျွန်တော့်အား ဇေံဂေလိတရားကို ဟောကြားသက်သေခံပါတော့သည်။ ကျွန်တော်လည်း ဝမ်းသာပီတိဖြစ်၍ ဤကဲ့သို့ ပြောပြခြင်းသည် အလွန်ကောင်းကြောင်း၊ ဘုရားသခင်အလိုတော်ရှိကြောင်း သူ့အားပြောပါသည်။ ကျွန်တော်သည် ကယ်တင်ခြင်း စိတ်ချမှုကို လွန်ခဲ့သော ဆယ်နှစ်ခန့်ကတည်းက ရရှိပြီးကြောင်း သူ့အားပြောပြသောအခါ ထိုသူက မြန်မာပြည်မှာ အခု ကျွန်တော့်လိုပြောတဲ့ ဇေံဂေလိတရားဟာ ကျွန်တော်တို့ တစ်ဖွဲ့တည်းသာ

ရှိတယ်။ ကျွန်တော်တို့ပြောတဲ့ ဧဝံဂေလိကို လက်ခံမှ ကယ်တင်ခြင်းစိတ်ချမှုအမှန် ရရှိမှာဖြစ်တယ်။ ဒါကြောင့် နောက်တစ်ခေါက် ကျွန်တော်ပြောတဲ့ ဧဝံဂေလိတရားကို လက်ခံပါဟုပြောပါသည်။ မည်မျှ ဝမ်းနည်းစရာ ကောင်းသနည်း  ကယ်တင်ခြင်းတရား ဟောပြောသည်မှာ ဘုရားသခင်၏ အလိုတော်ဖြစ်သော်လည်း  ငါတို့ ရဲ့ ဧဝံဂေလိတရားဟာ အစစ်အမှန်ဟုဆိုသောကြောင့် မိမိကိုယ်ကို ဗဟိုပြုလိုက်သောအခါ (Self-Center) အတ္တဖြစ်လာသည်။ ထိုအတ္တက ပုဂ္ဂိုလ်တော်မြတ် ယေရှုခရစ်တော်၏ဘုန်းကို မှေးမှိန်စေရုံမျှမက ယေရှု ခရစ်တော်ထက် ငါတို့ဂိုဏ်းဂဏ၊ ငါတို့အသင်းတော်၊ ငါတို့အဖွဲ့အစည်း၊ ငါတို့လူမျိုးစု... စသဖြင့်ရှုပ်ထွေး ကုန်ပါတော့သည်။ ထိုကြောင့် ကယ်တင်ခြင်းဧဝံဂေလိ တရားတော်ထက် ပုဂ္ဂိုလ်တော်မြတ် ယေရှုခရစ်တော်အား စိတ်နှလုံးအကြွင်း မဲ့လက်ခံလိုက်ပါ။ ရှင်းလင်းသောအသက်တာကို ရရှိလာပါလိမ့်မည်။



## အဘယ်ကြောင့်ယေရှုကို  လက်ခံရမည်နည်း

(Why do we accept Jesus Christ )

ယေရှုခရစ်တော်သည် ကားတိုင်ပေါ်မှာ ကျွန်တော့်အပြစ်ကြွေးအားလုံးကို ပေးဆပ်သောကြောင့် ဖြစ်ပါသည်။ ယေရှုခရစ်တော် လောကကို ကြွဆင်းလာရခြင်း၏ အဓိကရည်ရွယ်ချက်မှာ အပြစ်သားလူတွေအတွက် ကားတိုင်ပေါ်မှာ အသေခံအသွေးသွန်းခြင်း အပြစ်ငရဲမှ ကယ်တင်ဖို့ ရန်ဖြစ်ပါသည်။ (၁တိ ၁း၁၅) ယေရှုခရစ်တော် အဘယ်ကြောင့် အပြစ်သားတွေအတွက် ကိုယ်စား အသေခံ အသွေးသွန်းပါသနည်း အပြစ်သားတွေက မိမိတို့ ကိုယ်တိုင်ကြိုးစား၍ မလုပ်ဆောင်နိုင်သောကြောင့် ပေတည်း။ အပြစ်ငရဲမှ လွတ်မြောက်ဖို့ရန် လူတွေက မိမိတို့၏ဘာသာတရား၊ ကုသိုလ်ကောင်းမှု၊ အကျင့်သီလ စသည်တို့ဖြင့် ကြိုးစားလုပ်ဆောင်ကြပါသည်။ ထို့ကြောင့် ဘာသာတရားအမျိုးမျိုး ပေါ်ပေါက်လာရခြင်းပင် ဖြစ်ပါသည်။ ဘာသာတရားအားလုံးသည် ကောင်းသည့်အရာကို လုပ်ဆောင်ဖို့ လမ်းညွှန်ပေးသည့် လမ်းပြမြေပုံတစ်ခုပင် ဖြစ်ပါသည်။ **သို့သော် ဘာသာတရားများက လူတွေကို အပြစ်ငရဲမှ မကယ်တင်နိုင်ပါ။ အပြစ်ကိုသာလျှင် ဖော်ပြပေးပါသည်။ ထို့ကြောင့်  ဘာသာတရားဖြင့် မိမိတို့ကိုယ်တိုင် အပြစ်ငရဲမှ လွတ်မြောက်ဖို့ရန်  မတတ်နိုင်သောကြောင့်  ယေရှုခရစ်တော်ကို  လက်ခံဖို့ဖြစ်ပါသည်။**

## ဘာကိုလက်ခံရမည်နည်း

**(What do we accept?)**

ယေရှုခရစ်တော် ကားတိုင်ပေါ်မှာ လုပ်ဆောင် ပေးခဲ့သည့် လုပ်ဆောင်ချက်ကိုလည်း လက်ခံရပါမည်။ ကျွန်တော်တို့သည် ခရစ်ယာန်မိဘများမှ မွေးဖွားလာသောကြောင့် အလိုအလျောက် ခရစ်ယာန်ဘာသာဝင်ဖြစ်ခဲ့ပါသည်။ ငယ်စဉ်ကတည်းက “Sunday School” တက်သည်။ လူငယ် ကဏ္ဍတွေမှာလည်း ပါဝင်သည်။ အသက်တစ်ဆယ့်နှစ်နှစ်မှာ အမေက နှစ်ခြင်းခံခိုင်း၍ ဗတ္တိဇံခံသည်။ ပွဲတော်စားပါသည်။ သို့သော်လည်း နောင်တမလွန်အတွက် စဉ်းစားကြည့်သောအခါ ကောင်းကင်သို့ဝင်စားရမယ်ဆိုတာ စိတ်ချမှု မရှိခဲ့ပါ။ သေချာတာက ငရဲပင် ဖြစ်ပါသည်။ မိမိကိုယ်ကို သေချာဆန်းစစ်ကြည့်ပါ။ ယေရှုကို မယုံကြည်လို့လား၊ လက်မခံလို့လား၊ ကျွန်တော် ယုံကြည်လက်ခံပါသည်။ သို့သော် ကျွန်တော် ဘာကိုယုံကြည်လက်ခံသလဲဆိုတာ သေသေချာချာမသိခဲ့ပါ။

ယေရှုခရစ်တော်၏သက်တော်စဉ်ကို အတိုချုံး၍ လေးပိုင်းခွဲနားလည်နိုင်ပါသည်။

(၁) **မွေးဖွားခြင်း၊** ခရစ်တော် အပြစ်သားတွေကို ကယ်တင်ရန် လူ့ဇာတိခံယူ၍ ဤလောကသို့ ဖွားမြင်ခြင်းခံပါသည်။

(၂) **အသက်ရှင်ခြင်း** ဖြစ်ပါသည်။ ယေရှု လောကမှာ သုံးဆယ့်သုံးနှစ်ခွဲ သက်တော်ထင်ရှားခဲ့သည်။ များစွာသော တရားဒေသနာများကို ဟောကြားခဲ့ပါသည်။ ထို့နောက် ဘုရားဖြစ်ကြောင်း အံ့ဩဖွယ် နိမိတ်လက္ခဏာနှင့် သက်သေထူပါသည်။ မျက်စိကန်းသူကို ပြန်မြင်စေသည်။ နူနာရောဂါတွေကို ပျောက်ကင်းစေသည်။ နတ်ဆိုးစွဲသည့်သူကို နှင်ထုတ်ပေးခဲ့ပါသည်။ နောက်ဆုံး သေသည့်သူကိုတောင် ရှင်ပြန်ထမြောက်စေခဲ့ပါသည်။ သို့သော် ယေရှုလောကကို ကြွလာရခြင်း၏အဓိက ရည်ရွယ်ချက်ကား ဤအရာတွေ ပြုလုပ်ဖို့မဟုတ်။

(၃) **အသေခံခြင်း၊** ယေရှုခရစ်တော် ကားတိုင်ပေါ်မှာ အသေခံခြင်းပင်ဖြစ်သည်။ ယေရှုခရစ်တော် ဤလောကသို့ ကြွလာရခြင်း၏ အဓိကရည်ရွယ်ချက်ကား အပြစ်သားတွေအတွက် အပြစ်ငွေမှ ကယ်တင်ဖို့ ရန်ဖြစ်ပါသည်။

(၄) **ရှင်ပြန်ထမြောက်ခြင်း၊** ယေရှုသည် သေခံပြီး သေခြင်းမှာ လမ်းဆုံးသွားသော ဘုရားမဟုတ်ပါ။ သုံးရက်မြောက်သောနေ့မှာ ရှင်ပြန်ထမြောက်ပြီး သေခြင်းမာရ်ကို အောင်မြင်သော အသက်ရှင်ဘုရား ဖြစ်ပါသည်။

ထို့ကြောင့် ယေရှုခရစ်တော်၏ မွေးဖွားခြင်းကို လက်ခံလို့ ကယ်တင်ခြင်း မရနိုင်ပါ။ ယေရှု၏ တရားတော်၊ တန်ခိုးတော်တွေကို ယုံကြည်သော်လည်း နောင်တမလွန်အတွက် စိတ်ချမှု မပေးနိုင်ပါ။ ဘာကို ယုံကြည်လက်ခံရမည်နည်း၊ ယေရှုခရစ်တော်၏ ကားတိုင်ပေါ်မှာ ကျွန်တော်တို့အတွက် ပေးဆပ်ခဲ့ပြီးသော လုပ်ဆောင်ချက်ကို လက်ခံဖို့လိုပါသည်။ ထိုအရာကို ကျေးဇူးတော်ဟုလည်း ခေါ်ပါသည်။ ကျေးဇူးတော် ဆိုသည်မှာ ကိုယ်က ကြိုးစားလုပ် ဆောင်၍ရသောအရာ မဟုတ်ပါ။ ဘုရားသခင်မှ အခမဲ့ပြုလုပ်ပေးသော ကျေးဇူးတရားကို ခေါ်ပါသည်။ (ဧ ၂း၈–၉) **ထို့ကြောင့် သင့်အပြစ်ကြွေးအတွက် ယေရှုကားတိုင်ပေါ်မှာ လုပ်ဆောင်ပေးပြီးခဲ့သော ကျေးဇူးတော်ကို လက်ခံပါ။**

## ဘယ်နေရာမှာ လက်ခံရမည်နည်း

**(Where do we accept?)**

တချို့သောသူများက ငါတို့အသင်းတော်၊ ငါတို့အဖွဲ့အစည်း၊ ငါတို့ရဲ့ မိသားစုမှာ ယေရှုကို ယုံကြည်လက်ခံမှသာလျှင် ကယ်တင်ခြင်းစိတ်ချမှု စစ်မှန်ကြောင်းပြောသည်ကို ကြားခဲ့ဖူးပါသည်၊ မမှန်ပါ။ သခင်ယေရှုသည် အသက်ရှင်သောဘုရား ဖြစ်သောကြောင့် နေရာတိုင်းမှာ တချိန်တည်းတပြိုင်နက် တည်ရှိလို့ရပါသည်။ ကျွန်တော်တို့ခေါ် လျှင် မည်သည့်နေရာ၌မဆို ထူး၍ မြည်းစမ်းခံသော ဘုရား ဖြစ်ပါသည်။ (ယေရမိ ၃၃း၃) ထို့ကြောင့် အသင်းတော်၊ ဂိုဏ်းဂဏ၊ အဖွဲ့အစည်းတစ်ခုခုမှာ ယုံကြည်လက်ခံမှသာလျှင် ကယ်တင်ခြင်းရမည် မဟုတ်ပါ။ ကယ်တင်ခြင်းရဖို့ သင်းအုပ်ဆရာက လုပ်ပေး၍မရပါ။ လူကလုပ်ဆောင်ပေးသောကြောင့် ရခြင်းမဟုတ်ပါ။ **မိမိကိုယ်တိုင် စိတ်နှလုံးထဲ၌ ယုံကြည်လက်ခံမှသာလျှင် ကယ်တင်ခြင်း စိတ်ချမှုရရှိမည်ဖြစ်ပါသည် (ယော ၁း၁၂၊၁၃)။** ထို့ကြောင့် သင်မည်သည့် နေရာမှာရှိနေပါစေ၊ ခရစ်တော်ကို စိတ်နှလုံးထဲ၌ နေရာပေးလက်ခံလိုက်ပါ (ဗျာ ၃း၂၀)။

**စောလုကီ**